JOURNALIST PUBLISHING

၁၉၆၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမှ ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသည့် စာအုပ်

# ကျောင်းတွင်းဒီမိုကရေစီ

## ဦးသန့်



Design: Aung Myo (Rays)

JOURNALIST PUBLISHING

၁နှစ်ပြည့် အထူးထုတ်

# ကျေးဇူးတင်လွှာ

ဦးသန့်ဘာသာပြန်ရှားပါးစာမူတစ်ပုဒ်ဖြစ်သည့် 'ကျောင်းတွင်း ဒီမိုကရေစီ' စာအုပ်ကို ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ လေ့လာဖတ်ရှုနိုင်ရန် Journalist Publishing စာအုပ်တိုက်တစ်နှစ်ပြည့် အမှတ်တရအဖြစ် ဂုဏ်ယူစွာထုတ်ဝေလိုက်ပါသည်။

ကျောင်းဆရာဦးသန့်၊ အသံလွှင့်ဌာန၏ ညွှန်ကြားရေးမှူး ဦးသန့်၊ ဝန်ကြီးချုပ်ဦးနု၏ အတွင်းရေးမှူးဦးသန့်၊ မြန်မာနိုင်ငံ၏ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်ဦးသန့်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဦးသန့် အဖြစ် တာဝန်များစွာထမ်းဆောင်ခဲ့သော ဦးသန့်သည် အင်္ဂလန်တွင် ဖွဲ့စည်းတည်ထောင်ထားသော (ပြည်သူ့နီတိ ပညာပြန့်ပွားရေးအသင်း) သို့ တင်သွင်းသည့် အစီရင်ခံစာကို 'ကျောင်းတွင်း ဒီမိုကရေစီ'ဟု အမည်ပေး၍ ၁၉၅၂ ခုနှစ်တွင် ဘာသာပြန် ဆိုခဲ့ခြင်းဖြစ်သည်။ ယင်း အစီရင်ခံစာသည် အင်္ဂလန်နိုင်ငံတွင်သာမက ကမ္ဘာအရပ်ရပ်ရှိ ပညာရေးလောကတွင်ပါ ဂယက်ရိုက်ခတ်ခဲ့သော အစီရင်ခံစာတစ် စောင်ဖြစ်ပါသည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက် တော်လှန်ရေးကောင်စီ ဗိုလ်နေဝင်း အစိုးရက အာဏာ သိမ်းပြီး နောက်ပိုင်းတွင် 'ကျောင်းတွင်း ဒီမိုကရေစီ ' စာမူကို ပုံနှိပ်ထုတ်ဝေခွင့်မရခဲ့သည်မှာ ခေတ်အဆက်ဆက်ပင်ဖြစ် ပါသည်။ နှစ်ပေါင်း ၆၀ ကျော်တိမ်မြုပ်ပျောက်ကွယ်နေသည့် ဦးသန့်၏

ရှားပါးဘာသာပြန်စာမူ 'ကျောင်းတွင်း ဒီမိုကရေစီ' ကို ဘာသာပြန် အယ်ဒီတာ ကိုအေးအောင်က စာအုပ်အဖြစ်ပြန်လည်ထုတ်ဝေသင့်သည် ဟု လွန်ခဲ့သော ၁ နှစ် ခန့်က အကြံဉာဏ်ပေးခဲ့သည်။

ခေတ်ပြောင်း၊ စနစ်ပြောင်းလဲလာသည့်အချိန်တွင် 'ကျောင်းတွင်း ဒီမိုကရေစီ' သည် စာသင်ကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများ၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ မှ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအထိ ဖတ်ရှုလေ့လာ သင့် သည့်စာမူတစ်ပုဒ်ဖြစ်သလို၊ ယနေ့အချိန်ထိခေတ်မီနေသော စာမူတစ် ပုဒ်ဖြစ်သည်ကို လည်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် Journalist Publishing သည်မီဒီယာကျင့်ဝတ်ကို လေးစားလိုက်နာ သော စာအုပ်ထုတ်ဝေရေးတိုက်တစ်ခုဖြစ်သည်နှင့် အညီ တရားဝင်ပုံနှိပ်ထုတ်ဝေခွင့်ရရှိရန် ရန်ကုန်မြို့ ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး (ပြန်ကြားရေးနှင့် ဆက်သွယ်ရေး မန်နေဂျာ) မရွှေယင်းမာဦးမှတဆင့် ဦးသန့်၏ မြေးဖြစ်သူ ဒေါက်တာ သန့်မြင့်ဦးထံခွင့်ပြုချက်တောင်းခံရရှိ ခဲ့ပါသည်။

ကျနော်တို့လေးစားရသည့် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဦး သန့်၏ နှစ်ပေါင်း ၆၀ ကျော်က ရှားပါးဘာသာပြန်စာမူ 'ကျောင်းတွင်း ဒီမိုကရေစီ'သည် အရပ်သားအစိုးရ၏ တိုင်းပြည်ပြန်လည်ထူထောင် ရေးတွင် ပညာရေးကဏ္ဍအတွက် တစ်ဖက်တစ်လမ်းမှအထောက် အကူ ဖြစ်စေနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

'ကျောင်းတွင်း ဒီမိုကရေစီ'စာအုပ်အားပြန်လည်ထုတ်ဝေခွင့်ပေးခဲ့ သည့် ဦးသန့်၏ မြေးဖြစ်သူ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့် ရှောက်ရေး ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦး၊ ဘာသာပြန်အယ်ဒီတာ ကို

အေးအောင်၊ ရန်ကုန်မြို့ ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး (ပြန်ကြားရေးနှင့်ဆက်သွယ်ရေးမန်နေဂျာ) မရွှေယင်းမာဦး၊ မျက်နှာဖုံး ပန်းချီကို မေတ္တာဖြင့် ရေးဆွဲပေးပါသော ဆရာမောင်မောင်တိုး(ပန်းချီ)၊ မျက်နှာဖုံးဒီဇိုင်း ကိုအောင်မျိုး(Rays)၊ စာအုပ်အပြင်အဆင် ကိုစောဝဏ္ဏ(ပီတိစာပေ)တို့အား Journalist Publishing စာအုပ် တိုက်က လေးစားစွာကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**စီစဉ်သူ - ဖိုးစိုင်း(ဂျာနယ်လစ်)**

**၂၄-ဇွန်-၂၀၁၆**

*

# စကားပလ္လင်

စာသင်ကျောင်းများတွင် ဒီမိုကရေစီနည်းအရ မည်သို့ကျင့်သုံးလိုက်နာလျက်ရှိသည်။ လက်တွေ့ဒီမိုကရေစီနည်းနာနိသယများကို မည်ကဲ့သို့ သင်ကြားပို့ချပေးနိုင်သည်ကို စုံစမ်းစစ်ဆေးရန် အင်္ဂလန်ပြည်တွင် ဖွဲ့စည်းတည်ထောင်ထားသော (ပြည်သူ့နီတိပညာ ပြန့်ပွားရေးအသင်း)က ကော်မတီ တစ်ရပ်ဖွဲ့စည်းလျက် တာဝန်ပေးခဲ့၏ ။ ထိုကော်မတီတွင် ပညာရေးဆိုင်ရာ ပုဂ္ဂိုလ် ၁၂ဦးပါဝင်၍ ကျောင်းဆရာကြီးများ၊ ပညာဝန်များ၊ တက္ကသိုလ် ကျောင်းအုပ်ကြီးများ ပါဝင်လေသည်။ ထိုကော်မတီသည် အင်္ဂလန်ပြည်ရှိစာသင်ကျောင်း ပေါင်းအမြောက်အမြားကို သွားရောက်ကြည့်ရှုလေ့လာပြီးလျှင် စကားလုံးပေါင်း ၅၅,၀၀၀ ခန့် ပါဝင်သော အစီရင်ခံစာတစ်စောင်ကို ၁၉၄၇ ခုနှစ်အတွင်းက (ပြည်သူ့ နီတိပညာပြန့်ပွားရေးအသင်း)သို့ တင်ပြခဲ့လေသည်။ ထိုအစီရင်ခံစာတွင် စာသင်ကျောင်း များ၌ ဒီမိုကရေစီအုတ်မြစ်ချရေးနှင့် ပတ်သက်၍ အဖိုးတန်သော အချက်အလက်များနှင့် ထိရောက်သော အကြံပေးချက်များ အများအပြားပါဝင်သဖြင့် အစီရင်ခံစာ ထွက်ပေါ်လာ သည်နှင့်တစ်ပြိုင်နက် အင်္ဂလန်ပြည်၌ သာမက ကမ္ဘာအရပ်ရပ်ရှိ ပညာရေးလောကတွင် ဂယက်ရိုက်သွားသည်ကို တွေ့ရလေသည်။

ဒီမိုကရေစီဝါဒကို လက်ကိုင်ပြုလျက် ဒီမိုကရေစီနိုင်ငံထူထောင်ရန် အားသွန် ကြိုးပမ်းလျက်ရှိသော ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံတွင်

လည်း စာသင်ကျောင်းများ ကစ၍ ဒီမိုကရေစီစနစ်ကို လက်တွေ့ကျင့်သုံးနိုင်ရန် များစွာလိုလားအပ်သဖြင့် အထက်ပါအစီရင်ခံစာကို အကျဉ်းရုံးပြီးလျှင် ဆီလျော်အောင် မြန်မာပြန်ဆို ထုတ်ဝေအပ်ပါသည်။ ဤစာအုပ်ငယ်သည် ကျောင်းသူ၊ ကျောင်းသားများအား ဒီမိုကရေစီသဘောတရားများကို လက်တွေ့ကျင့်သုံးနိုင်ရန် အထောက်အကူ ဖြစ်ပါစေသတည်း။ ဒီမိုကရေစီဟူသော နာမပညတ်၏ အဓိပ္ပာယ်ကို ကောင်းစွာ သိမြင်နိုင်ကြပါစေ သတည်း။

**မောင်သန့်**

**အကျိုးဆောင်အုပ်ချုပ်မှုအတွင်းရေးမှူး**

**မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း**

**၁၉၅၂ ခု၊ မေလ ၁၀ ရက်**

**ရန်ကုန်မြို့**

*

# နိဒါန်း

အင်္ဂလန်ပြည်ရှိ ပြည်သူ့နီတိပညာပြန့်ပွားရေးအသင်းကို ၁၉၅၂ ခုတွင် စတင် ဖွဲ့စည်းခဲ့သည်။ သို့ရာတွင် ထိုအသင်းကို မဖွဲ့စည်းမီ ရှေးပဝေဏသီကပင် ပြည်သူ့နီတိ ပညာကို အနည်းနှင့်အများဆိုသလို ရေးခဲ့ပြောခဲ့ကြသည်။ ပြည်သူ့နီတိပညာဆိုသည်မှာ လည်း ပြည်သူပြည်သားကောင်းတစ်ယောက်ဖြစ်လာစေရန် ရည်ရွယ်၍ သင်ကြားပို့ချသောပညာရပ်ပင်ဖြစ်၏ ။ တစ်နည်းဆိုသော် ပြည်သူ့လမ်းညွှန်ပညာ ဖြစ်ပေသည်။

ရှေးအခါက နိုင်ငံအများ၌ ပင် ပညာရေးစနစ်သည် ပြည်သူပြည်သားကောင်းများ ဖြစ်လာရန် ရည်ရွယ်သော စနစ်ပင်ဖြစ်ပါသည်။ ဥပမာ-ဟစ်တလာ၏ လက်အောက် ဂျာမနီပြည်တွင် စာသင်ကျောင်းများ၌ (ပြည်သူပြည်သားကောင်းများ) ဖြစ်လာရန် ရည်ရွယ်၍ သင်ကြားပို့ချပေးသည်မှာ မှန်ပါသည်။ ကလေးသူငယ်များသည် မိမိတို့တိုင်းပြည် ကို အလွန်အမင်းချစ်ကြရမည်ဟုဆို၏ ။ နိုင်ငံတော်သည် ကလေးများ၏ ကျန်းမာရေးကို လည်း အထူးဂရုစိုက်၏ ။ ကလေးများ ၏ ဉာဏ်ထက်မြက်ရေးကိုလည်း နည်းအမျိုးမျိုး ဖြင့် ဖန်တီး၏ ။ နိုင်ငံသမိုင်းကိုပင် ရည်ရွယ်ချက်ပြန်လည်ရေးသားပြုစုစေ၍ သင်ကြားပို့ချကြရ၏ ။ သို့ရာတွင် ဟစ်တလာ၏ လက်အောက် ပညာရေးစနစ်သည် ကျွန်ုပ်တို့ နားလည်လက်ခံသော ဒီမိုကရေစီပညာရေးစနစ် မဟုတ်ပေ။ မဟုတ်ယုံမျှမက အလွန်ပင် ကွာဝေးပေသည်။ ကိုယ့်အမျိုး

ကို ချစ်ရုံ၊ ကျန်းမာရုံ၊ဉာဏ်ပညာကောင်းရုံမျှနှင့် ကလေး သူငယ်တစ်ယောက်သည် ဒီမိုကရေစီပညာကို သိနားလည်ခြင်းမရှိနိုင်ပေ။ ဒီမိုကရေစီပညာသည်လည်း အစိုးရက တိုင်းသူပြည်သားများအား လက်ကမ်း၍ ပေးနိုင်သောပညာ မဟုတ်။ ဆရာက တပည့်အား သင်ကြားပို့ချ၍ လုံလောက်သောပညာမဟုတ်။ ဆရာရော၊တပည့်ပါ ဒီမိုကရေစီစနစ်အတိုင်း လိုက်နာကျင့်ကြံနေထိုင်မှသာလျှင် တတ် မြောက်နိုင်သည့်ပညာရပ်ဖြစ်လေသည်။ အတုမြင်အတတ်သင်ဆိုသည့် စကားအတိုင်း လက်တွေ့ပြုလုပ်မှသာလျှင် ထိုကဲ့သို့ ဒီမိုကရေစီကို လက်တွေ့ကျင့်သုံးနိုင်ရန်အတွက် ကျင့်သုံးသူများ သည် အတော်အတန်လွတ်လပ်မှုရှိရပေမည်။ ထိုသို့လွတ်လပ်မှုကိုပင် အများလွတ်လပ်မှုအတွက် အနစ်နာခံလိုစိတ် ရှိရပေမည်။ ကျောင်းမှထွက်သော ကလေး သူငယ်များသည် လွတ်လွတ်လပ်လပ်တွေးတောကြံဆတတ်သော အလေ့အကျင့်သည်ပင် လျှင်တိုးတက်ရေး၏ ဇီဝမျိုးစေ့ဖြစ်၏ ။ အထက်က ညွှန်ကြားချက်အရ ဤသို့သာ တွေး တောကြံဆရမည်။ ထိုသို့မတွေးတော မကြံဆရ ဟူသောချုပ်ချယ် မှုတို့သည် ဒီမိုကရေစီ ၏ ရန်သူများဖြစ်ကြပေသည်။ ဒီ မို က ရေ စီ ၏ အင်္ဂါတစ်ရပ်ကားစိတ်ကူးကိုသော်လည်းကောင်း၊ အပြုအမူကိုသော်လည်းကောင်း ချုပ်ချယ်ခြင်း လုံးဝကင်းစင်ခြင်းပင်တည်း။

(ဒီမိုကရေစီ)ဟူသော စကားလုံးသည် ရံဖန်ရံခါ အဓိပ္ပာယ်ကင်းမဲ့စွာ အသုံး ပြုခြင်းကို ခံရတတ်လေသည်။ နိုင်ငံရေးနှင့်စပ်လျဉ်း၍ သဘောကျသော အကြောင်းအရာ တစ်ရပ်ကို (ဒီမိုကရေစီ) ဖြစ်သည်ဟု ချီးကျူးပြောဆိုလေ့ရှိကြ၍ သဘောမကျသော အကြောင်းအရာတစ်ရပ်ကို (ဖက်ဆစ်)ဖြစ်သည်ဟု ကဲ့ရဲ့ရှုတ်ချလေ့ရှိကြ၏ ။ သို့ရာတွင် ထိုသို့ပြောဆိုသုံးစွဲသူတို့သည် အများအားဖြင့် ဒီမိုကရေစီ၏ အဓိပ္ပာယ်ကို

သော်လည်း ကောင်း၊ ဖက်ဆစ်၏ အဓိပ္ပာယ်ကိုသော်လည်းကောင်း မသိရှာကြလေ။ ဒီမိုကရေစီသည် ပါတီနိုင်ငံရေးမဟုတ်၊ အားလုံးနှင့် သက်ဆိုင်သောနိုင်ငံရေး ပါတီဖြစ်၏ ။ တစ်နည်းအား ဖြင့်ဆိုသော် ဒီမိုကရေစီရှိမှသာလျှင် ပါတီများလည်း ရှိနိုင်ပေမည်။ ဒီမိုကရေစီမရှိလျှင် ပါတီအများ မရှိနိုင်ပေ။ ဒီမိုကရေစီ၏ အင်္ဂါရပ်များမှာ လွတ်လပ်စွာ စိတ်ကူးနိုင်မှု၊လွတ်လပ်စွာပြောဆိုနိုင်မှု၊ လွတ်လပ်စွာ ရေးသားနိုင်မှု၊ လွတ်လပ်စွာစည်းရုံးနိုင်မှု အစရှိသော လူ့အခွင့်အရေးများပင်တည်း။

ဒီ မို က ရေ စီ ၏ အခြားအင်္ဂါတစ်ရပ်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အရေး ကြီးပုံကို အသိအမှတ်ပြုသည်။ အစိုးရသည်လူပုဂ္ဂိုလ်များအတွက်သာဖြစ်သည်။ လူ ပုဂ္ဂိုလ်များသည် အစိုးရအတွက် မဟုတ်ဟူသောဥပဒေသကိုလက်ကိုင်ပြုသည်။ လူပုဂ္ဂိုလ် များသည် အရေးကြီးသည်ဆိုရာ၌ လူပုဂ္ဂိုလ်အသီးသီးသည် အသိဉာဏ်ပညာချင်းတူအောင်၊ စိတ်နေစိတ်ထားချင်းတူအောင် ညှိ၍ မပေး။ ကိုယ်သန်ရာသန်ရာ ပညာရပ်တွင် ထူးချွန် အောင်သာ အားပေးသည်၊ စိတ်ကူးအယူအဆ ချင်းမတူညီကြသည်ကို တစ်သဘောတည်း ဖြစ်အောင်ဒီမိုကရေစီကစုစည်း၍ မပေး၊ စိတ်ကူးအမျိုးမျိုး၊ အယူအဆအမျိုးမျိုးမှ တိုင်း ပြည်အတွက် အဖိုးတန်ဆုံးသောအကြံဉာဏ်များပေါ်ပေါက်လာလိမ့်မည်ဟု ဒီမိုကရေစီ သည် အားကိုးယုံကြည်၏ ။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ် ဆန်းဟူသော ဝါဒသည် တစ်နည်းအားဖြင့်ဆိုသော် ဒီမိုကရေစီဝါဒနှင့် ထပ်တူကျလျက်ရှိသည်။

ဒီမိုကရေစီဝါဒသည် နှစ်သက်လိုလားအပ်သော အင်္ဂါရပ်များ အများအပြားရှိ သော်လည်း ခြောက်ပြစ်ကင်း သဲလဲစင်ဝါဒမဟုတ်ပေ။ ချွတ်ယွင်းချက်များလည်း ရှိပေ သည်။ အများသိရှိပြီးဖြစ်သော ချွတ်ယွင်းချက်မှာ နှေးကွေးခြင်းပင်ဖြစ်၏ ။ တိုင်းပြည် တစ်ပြည်ကို

ဖက်ဆစ်နိုင်ငံဖြစ်လာအောင် ငါးနှစ်အတွင်းဖန်တီးပေးနိုင်ပေသည်။ သို့ရာ တွင် ဒီမိုကရေစီနိုင်ငံဖြစ်လာအောင်မူကား ဆယ်နှစ်နှင့်ပင် ဖန်တီး၍ မရကောင်းပေ။ တကယ့် ဒီမိုကရေစီနိုင်ငံဖြစ်လာစေရန် အတွက် ပြာသာဒ်ဆောက်သကဲ့သို့ တစ်ဆင့်ပြီး တစ်ဆင့် တစ်ထစ်ပြီး တစ်ထစ်သာလျှင်ဖန်တီးပေးနိုင်၏ ။ ဒီမိုကရေစီဝါဒသည် ခုရေတွင်း တူး ခုရေကြည်သောက်နိုင်သောဝါဒ မဟုတ်သည်ကို အထူးသတိပြုရပေမည်။

ဒီမိုကရေစီဝါဒ အောင်မြင်စေရန်အတွက် ပထမအဆင့်မှာ တိုင်းသူပြည်သား များသည် အသိဉာဏ်ပညာတိုး၍ ရင့်သန်လာရမည်။ ထို့နောက် ဒီမိုကရေစီ၏ လက်တွေ့ လုပ်ငန်းများတွင် တိုး၍ တိုး၍ ကိုယ်ထိလက်ရောက် ပါဝင်ဆင်နွှဲကြရမည်။ ဒီမိုကရေစီ၏ အောင်မြင်မှုသည် လူထု၏ အသိဉာဏ်ပညာ၊ လူထု၏ ကျွမ်းကျင်မှု၊ လူထု၏ စိတ်ပါဝင် စားမှု၊ လူထု၏ အများအကျိုးဆောင်ရွက်လိုမှုများပေါ်တွင် တည်၏ ။ ထို့ကြောင့် ဒီမိုကရေစီ ဝါဒသည် ဝါဒအားလုံးအနက် အခက်ခဲဆုံးသောဝါဒ ဖြစ်ပေသည်။ ဖက်ဆစ်နိုင်ငံ (ဝါ) အာဏာရှင်နိုင်ငံများတွင် လူထုအသိဉာဏ်ပညာရှိသည် မရှိသည်မှာ အရေးမကြီး၊ လူထု ကျွမ်းကျင်သည် မကျွမ်းကျင်သည်မှာ အရေးမကြီး၊ လူထုစိတ်ဝင်စားခြင်း စိတ် မဝင်စားခြင်းမှာ အရေးမကြီး၊ လူထုကအများအကျိုးဆောင်ရွက်လိုစိတ် ရှိမရှိမှာ အရေး မကြီး၊ အထက်အာဏာပိုင်များက ပုံသေကားချ စီမံဆောင်ရွက်ခြင်းသာလျှင် အရေးကြီး ပေသည်။ ဒီမိုကရေစီနိုင်ငံများတွင်မူကား ထိုသို့မဟုတ်ပေ။ လူထုသည် အရေးအကြီး ဆုံး ဇာတ်လိုက်များ ဖြစ်ကြပေသည်။

အာဏာရှင်နိုင်ငံများတွင် အထက်အာဏာပိုင်တို့က လက်ညှိုးညွှန်ရာကိုသာ လူထုက မညည်းမညူ ကျွဲနွားများပမာ လိုက်နာဆောင်ရွက်

ကြရသဖြင့် အလုပ်တွင်ကျယ် သည်။ အချိန်တိုတိုနှင့်ဆောင်ရွက်၍ ပြီးစီးသည်။ ဒီမိုကရေစီ နိုင်ငံများတွင်မူကား လူထု၏ ဆန္ဒကို အရေး ပေးသဖြင့် အချိန်ယူ၍ သာ ဆောင်ရွက်ကြရသည်။ သို့ရာတွင် ဤ ချွတ်ယွင်းချက်ကား လူ့အခွင့်အရေးများအတွက် ကျွန်ုပ်တို့ပေးရသော တန်ဖိုးမျှသာ ဖြစ်သည်။ ဒီမိုကရေစီကြွေးကြော်သံမှာ (အချိန်ကြာလိုက ကြာပါစေ။ သို့ရာတွင် လူထု ဆန္ဒအရသာ ဖြစ်ပါစေ)ဟူသော ကြွေးကြော်သံပင်တည်း။

ဒီမိုကရေစီစနစ် အောင်မြင်ရန် အလွန်ခက်ခဲလှသောကြောင့် အချို့ နိုင်ငံများ သည် လက်လျှော့ပြီးလျှင် အာဏာရှင်စနစ်ကို ထူထောင်ကြ သည်။ သို့ရာတွင် အာဏာရှင်စနစ်သည် တစ်နေ့ထက်တစ်နေ့၊ တစ်လ ထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် လူထုကို တိုး၍ သာ နဖားကြိုး တပ်၏ ။ လူထုသည် ငုံ့၍ သာခံကြရသည်။ ပါးစပ်ကို မဟဝံ့ကြ။ ဒီမိုက ရေစီကိုသာ ပြန်လည်လွမ်းဆွတ်တောင့်တကြသော်လည်း ဖိုးလမင်းကို လိုချင်ပါ သည်ဟု တောင့်တသော ကလေးငယ်ပမာ အချည်းနှီးသာလျှင် ဖြစ်ရ၏ ။ ထို့ကြောင့် ဒီမိုကရေစီကို စိတ်ပျက်၍ အာဏာရှင်စနစ်ကို ကူးပြောင်းရန်လွယ်ကူလှသော်လည်း အာဏာရှင်စနစ်ကို စိတ်ပျက်၍ ဒီ မိုကရေသို့ ကူးပြောင်းရန်မှာ အလွန့် အလွန်ခဲယဉ်းသော လုပ်ငန်းဖြစ် ပေသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ် အမြစ်တွယ်စေရန်အတွက် တိုင်း သူ ပြည်သားများသည် ကျောင်းသို့ ကျောင်းသားအရွယ်မှစ၍ ဒီမိုကရေ စီဝါဒကို ကောင်းစွာ လေ့လာသင်ကြားကြရမည်။ သို့ရာတွင် လေ့လာ သင်ကြားရုံမျှနှင့် မပြီးသေး။ ဒီမိုကရေစီ စနစ်ကို လက်တွေ့လိုက်နာ ဆောင်ရွက်ကြရပေမည်။ သို့မှသာလျှင် ဒီမိုကရေစီသဘော တရား များသည် ကျောင်းသူကျောင်းသားတို့၏ ဦးခေါင်းတွင် အမြစ်တွယ်ပေ မည်။ ကျောင်းများ၌ ဒီမိုကရေစီဝါဒကို စာအုပ်ကြီးအတိုင်းလည်း

သင်ကြား ပို့ချ၍ မဖြစ်ပေ။ ဤကားမှန်သည်။ ဤကားမှားသည်ဟု ကျောင်းသားသူငယ်များ၏ စိတ်ကူးကို မလေး မစားပြု၍ မသင်ကြားရာ၊ ကျောင်းသားသူငယ်များ၏ စိတ်၌ ပင် ဤကားမှန်သည် ဤကားမှားသည်ဟူ၍ အသိတရားဝင်ရောက်လာရန် သင်ကြားပြသမှုသာလျှင် မှန်ကန် သောလမ်းစဉ် ဖြစ်၏ ။

ကျောင်းသားသူငယ်များအား အသိဉာဏ်ပေးရာ၌ အောက်ပါ အခြေခံအချက် အလက်များကို နားလည်အောင် ကြိုးစားရပေမည်။ ယခုခေတ်ကြီးတွင် နေထိုင်မှုပြဿနာ များသည် ရှေးကထက်ပိုမို ရှုပ်ထွေးလာသည်။ လူတစ်ဦးတစ်ယောက်တည်း သတ်သတ် နေ၍ မဖြစ်။ တစ်ယောက်နှင့် တစ်ယောက် ဆက်သွယ်စုရုံး၍ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသလို အမှီသဟဲပြု၍ နေကြရသည်။ တစ်နည်းအားဖြင့် ဆိုသော် လူ့လောကသည် တစ်ဦးနှင့် တစ်ဦး တစ်ယောက်နှင့် တစ်ယောက် ပူးပေါင်းဆက်သွယ်၍ လုပ်ကိုင်ဆောင်ရွက်ကြရသော သမဝါယမလောကတစ်မျိုးပင် ဖြစ်၏ ။ လူတစ်ဦးနှင့် တစ်ဦးမသိမသာ နားလည်မှုဖြင့် ချုပ်ဆိုထားသော စာချုပ်ကြီးများရှိကြပေသည်။ ထိုစာချုပ်အရ တစ်ဦးက တစ်ဦးကို စော်ကားခြင်းမပြုရ နှောက်ယှက်ခြင်း မပြုရ။ အချုပ်အချယ်မပြုရ။ ထိုနားလည်မှု စာချုပ်ကြီးကြောင့်သာလျှင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် လူ့အသင်းကြီး၏ အသင်းသားတစ်ဦး ဖြစ်လာရလေသည်။ စည်းမျဉ်းဥပဒေများ ရေးဆွဲထားခြင်းမရှိသော်လည်း ထိုလူ့အသင်းကြီးတွင် ပါဝင်ရသည့်အတွက် လိုက်နာရသော ဥပဒေများရှိ၏ ။

ဥပမာ လူတစ်ဦးက တစ်ဦးကို ဆဲရေးတိုင်းထွာခြင်းမပြုရ။ ထိုးသတ်ရိုက်နှက်ခြင်း မပြုရ။ မည်သည့်အစာကိုစား၍ မည်သည့်အဝတ်ကို ဝတ်ပါဟု ဩဇာပေးခြင်းမပြု။ ကျောင်းနေခြင်း၊ ကစားခြင်း၊

တစ်ယောက်တည်းလမ်းလျှောက်ခြင်း၊ စာမေးပွဲအောင်ခြင်း ထူးချွန်၍ စကော်လာရှစ်ဆုရခြင်း စသည့်အဖြစ်အပျက်များမှာ လူ့အသင်းဝင်တစ်ဦး အဖြစ်ဖြင့် ရရှိခံစားရသောအခွင့်အရေးများပင်တည်း။ လူတိုင်း လူတိုင်းပင် လူ့အသင်း ဝင်အဖြစ်ဖြင့် အခွင့်အရေးများ ရရှိသကဲ့သို့ တာဝန်ဝတ္တရားများလည်း ဆောင်ရွက်ရန် အများအပြားပင် ရှိလေသည်။ ထိုကဲ့သို့ လူ့အခွင့်အရေးများနှင့် လူ့တာဝန်ဝတ္တရားများကို ကျောင်းသားသူငယ်များ သိရှိသဘောပေါက်အောင် ပြသပေးရေးသည် ဆရာဆရာမများ၏ အလွန်အရေးကြီးသော လုပ်ငန်းကြီးတစ်ရပ် ဖြစ်ပေသည်။

အထက်ပါ လူ့အခွင့်အရေးများနှင့် လူ့တာဝန်ဝတ္တရားများ(ဝါ) ပြည်သူပြည်သားများ၏ အခွင့်အရေးများနှင့် ပြည်သူပြည်သားများ၏ တာဝန်ဝတ္တရားများကို သင်ကြားပို့ချရန်အတွက် နည်းလမ်းနှစ်လမ်းရှိလေသည်။ တစ်လမ်းမှာ အခြားဘာသာရပ်များကို သင်ကြားရင်း ပြည်သူ့နီတိကိုအခွင့်ရတိုင်း ထည့်သွင်းသင်ကြားခြင်းဖြစ်၍ အခြားတစ်လမ်းမှာ ပြည်သူ့နီတိကို ဘာသာရပ်တစ်ရပ်အနေဖြင့် သင်ကြားပို့ချခြင်းပင် ဖြစ်၏ ။ပထမနည်းလမ်းအရ နိုင်ငံသမိုင်းကို သင်ကြားရာ၌လည်းကောင်း၊ ဖတ်စာများကို သင်ကြားရာ၌ လည်းကောင်း၊ ပြည်သူ့နီတိနှင့် ပတ်သက်သော အချက်အလက်များကို သွယ်ဝိုက်သောနည်းဖြင့် သင်ကြားပို့ချနိုင်ပေသည်။ ဒုတိယနည်းလမ်းအရ ပြည်သူ့နီတိကို ဘာသာရပ်တစ်ရပ်အနေဖြင့် တိုက်ရိုက်သင်ကြားရာတွင် ဆရာသည် အရေးအကြီးဆုံးဖြစ်လေသည်။ ထိုသို့သင်ကြားရာတွင် ပြည်သူ့နီတိသည် ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ဘာသာရပ်တစ်ရပ်အနေဖြင့် သမားရိုးကျနည်းစနစ်အတိုင်းသင်ကြားပါမူ အကျိုးရှိမည်မဟုတ်ပေ။ သို့ရာတွင် ကျောင်းသားသူငယ်များ စိတ်ပါဝင်စားလာစေကြရန် (ထွင်)၍ သင်ကြားရန် အရေးကြီး၏ ။ ဥပမာ (အခွန်) နှင့် (အ

တုတ်) မည်သို့ခြားနားကြောင်းကို ရှင်းလင်းပြောဆိုခြင်းထက် အခွန်တော်ကို မည်သည့်အတွက် ပေးဆောင်ကြရကြောင်းကို ဥပမာ-ဥပမေယျများနှင့် ရှင်းလင်းပြောဆိုခြင်းသည် ပိုမိုထိရောက်၏ ။ ဥပဒေဘယ်နှမျိုးရှိ သည်ကို ကျောင်းသားလူငယ်များအား အလွတ်ကျက်မှတ်စေခြင်းထက် ဥပဒေများကို အဘယ်ကြောင့် ပြုလုပ်ရသည်။ ဥပဒေများပြုလုပ်ထားရှိသည့်အတွက် တိုင်းသူပြည်သား များသည် မည်ကဲ့သို့ လူမှုလွတ်လပ်ရေးရရှိသည်ကို စိတ်ဝင်စားအောင် ပြောဆိုရှင်းလင်းသင့်၏ ။ အချုပ်အားဖြင့်ဆိုသော် ပြည်သူ့နီတိကိုသင်ကြားရခြင်းကြောင့် ကျောင်းသားသူငယ်များ၏ စိတ်တွင် တိုး၍ သိလိုသောစိတ်၊ အများနှင့်ဆက်ဆံလိုသောစိတ်၊ တိုင်းပြည်လူထုအတွက် ဆောင်ရွက်လိုသောစိတ်များ ပေါ်ပေါက်လာရန် ဖန်တီးပေးရမည်။ လူ့အသင်းကြီးတွင် မိမိတို့လည်းအသင်းသားများဖြစ်ကြ၍ အသင်း၏ ကောင်းရာကောင်းကြောင်းအတွက် ဆောင်ရွက်လိုစိတ်များ တဖွားဖွားပေါ်ပေါက်စေရမည်။

ဆရာ၊ ဆရာမများ အထူးသတိပြုသင့်သောအချက် တစ်ချက်မှာ ကျောင်းသည်စာသင်ရာ ဌာနမျှသာ မဖြစ်သင့်ပေ။ ကျောင်းသည် အသင်းတစ်ခု၊ အစည်းအရုံးတစ်ခု လူ့လောက ကလေးတစ်စုံ ဖြစ်စေရမည်။ ထိုလူ့လောကလေးအတွင်း၌ ပါဝင်သူတို့သည်အတူတကွနေထိုင်ကြ ၍ အတူတကွ သင်ကြားကြ၍ အတူတကွကစားကြ၍ အတူတကွ အ ပေး အ ယူ ပြု ကြ ၍ အတူတကွအုပ်ချုပ်စီမံနိုင်ကြသော ဘဝကို တတ်နိုင်သမျှ ဖန်တီးရပေမည်။ ထိုလူ့လောက ကလေးမှ အလေ့အကျင့်များသည် တကယ့် လူ့လောကကြီး တွင်အထောက်အပံ့ဖြစ်စေရမည်။ တတ်နိုင်လျှင် ဆရာကမပြောဘဲနှင့် တာဝန်များဝတ္တရာများကို နားလည်လာကြရန်ဖန်တီးပေးရမည်။ လွတ်လပ်စွာပြောဆိုခြင်း၊ လွတ်လပ်စွာ ရေးသားခြင်းစသော လူ့အခွင့်အရေးများသည်

အကွပ်အထိန်းမရှိသော ပစ္စလတ်ခတ်လွတ်လပ်ခြင်းမျိုးမဟုတ်ဘဲ အကွပ်အထိန်းရှိသော စနစ်တကျလွတ်လပ်ခြင်းဖြစ်သည်ဟု သိရှိနားလည်လာကြရမည်။ ထို့ကြောင့် ပြည်သူ့နီတိကို သင်ကြားရာတွင် စာတွေ့သင်ကြားခြင်းထက် ငါတွေ့သင်ကြားခြင်းသည် များစွာ ပိုမို၍ ခရီးရောက်ပေသည်။

အထက်တွင်ဖော်ပြခဲ့သောအချက်များမှာ ဒီမိုကရေစီပညာပေးရာတွင် အထောက်အပံ့ဖြစ်စေမည့် အကြံပေးချက်များသာ ဖြစ်ပေသည်။ အရွယ်ရောက်လာ၍ ဒီမိုကရေစီလောကတွင် ဝင်ရောက်ပါဝင်ရမည့် သူသည် ကျောင်းတွင်နေထိုင်စဉ်ကပင် ဒီမိုကရေစီ အလေ့အကျင့်များကို တတ်နိုင်သလောက် ကိုယ်ထိလက်ရောက် ပါဝင်ဆောင်ရွက်ရန် အရေးကြီး၏ ။ ကျောင်းသားသူငယ်တို့သည် ကျောင်းတွင် ပညာသင်ကြားစဉ် ဆရာပြော သည်ကိုသာ မှတ်၊ ဆရာက ညွှန်ကြားသည်ကိုသာ လုပ်၍ မိမိကိုယ်တိုင် ထိုးထွင်းလုပ်ကိုင်ရမည့်အလုပ်၊ ထိုးထွင်းကြံစည်ရမည့်စိတ်ကူးများ ခေါင်းပါးခဲ့လျှင် ထိုသူသည် ကြီးပြင်း လာသောအခါ ဒီမိုကရေစီနိုင်ငံအတွက် အကျိုးများနိုင်မည့်လူစားမျိုး မဟုတ်နိုင်ပေ။ ထို့ကြောင့် ကျောင်း၌ ရှိနေစဉ် ထိုးထွင်းအလုပ်၊ ထိုးထွင်းဉာဏ်များကို တတ်အား သမျှအသုံးချနိုင်သောအခွင့်အရေးများရှိရပေမည်။ ထိုသို့ရှိရမည်ဟုဆိုသဖြင့် ကျောင်းသားလောကသည် တကယ့် ဒီမိုကရေစီလောကသာ လျှင်ဖြစ်ရမည်ဟု ကျွန်ုပ်တို့ မဆိုလိုပေ။ ကျောင်းသားသည် ကျော င်း သား မျှ သာ ဖြ စ် ၍ အရွယ်ရောက်ပြီးသောလူကြီးများ၏ အခြေခံပညာ၊ ကျယ်ဝန်းသော ဗဟုသုတများမရှိရှာကြသေးချေ။ ထို့ကြောင့် လူကြီးများလိုက်နာကျင့်သုံးရသော ဒီမိုကရေစီအခွင့်အရေးမျိုးကို ကျောင်းသားသူငယ်များအား ကျပ်ပြည့်တင်းပြည့်ပေးအပ်ရန် မသင့်လျော်ပေ။

ကျောင်းတွင်းဒီမိုကရေစီသည် အသက်အရွယ် အသိဉာဏ်ဗဟုသုတများနှင့် ကိုက်ညီအောင် အခြေခံထားသော ဒီမိုကရေစီမျှသာ ဖြစ်သင့်ပေသည်။ ပြည်တွင်း ဒီမိုကရေစီသည် အရွယ်ရောက် ပြီးသူတို့က ပါဝင်ဆင်နွှဲကြရသဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဌာနများတွင် စိတ်တိုင်းကျစီမံခန့်ခွဲနိုင်ကြသည်။ ကျောင်းတွင်း ဒီမိုကရေစီမှာမူကား ထိုဒီမိုကရေစီစနစ်ကို ပုံသေ ကူးချ၍ မဖြစ်နိုင်ပေ။ ကျောင်းတွင်း ဒီမိုကရေစီအောင်မြင်မှုအတွက် အရေးကြီးသောအချက်တစ်ရပ်ကို သတိပြုရပေမည်။ ထိုအချက်မှာ အခြားမဟုတ် ကျောင်းတွင်းဒီမိုကရေစီ ကျင့်သုံးရမည့်သူများမှာ လူငယ်များဖြစ်ရုံမျှမက လူဦးရေများသော်လည်း ဆရာသည် ကျောင်းသားထက် အသိ ဉာဏ်ဗဟုသုတစသည့် အရည်အချင်းများ ပိုမိုပေသည်။ ထိုအချက်ကို သတိပြုလျက် အခြေအနေနှင့် သင့် လျော်အောင် ဒီမိုကရေစီကို ကိုယ်တွေ့ကျင့်သုံးနိုင်ကြရန် အရေးကြီးလှပေသည်။



'' တပည့်များက ဆရာအား ချစ်ကြောက်ရိုသေရမည်ဟူသော
ဥပဒေသည်ဆရာများက အတင်းအကျပ်ဖန်တီးပေးရမည့်
ဥပဒေသမဖြစ်စေရ။ တပည့်များ၏ စိတ်တွင်
အလိုအလျောက် ပေါ်ပေါက်လာရမည့်
ဥပဒေသသာလျှင် ဖြစ်စေသင့်သည်။ ''

*

# အခန်း ၁
# ဒီမိုကရေစီ၏ နောက်ခံကား

ဤအခန်းတွင် စာသင်ကျောင်းများ၌ ဒီမိုကရေစီကို ကျင့်သုံးဆောက်တည်ကြရာတွင် မည်သို့သော နောက်ခံကားများရှိသင့်သည် ဟူသောအချက်ကို ကျွန်ုပ်တို့ ဆွေးနွေးပေအံ့။ ထိုသို့ဆွေးနွေးမီကျောင်းတွင်းဒီမိုကရေစီဟူသော စကားအဓိပ္ပာယ်ကို ကျွန်ုပ်တို့ စစ်ဆေးကြရန်လိုအပ်ပေသည်။ ဒီမိုကရေစီကို ကျင့်သုံးသောကျောင်းများတွင် သိသာသောအချက်တစ်ရပ်မှာ ကျောင်းလောကအတွင်း၌ ဆက်ဆံရေးသည် ပြေပြေပြစ်ပြစ်ရှိ၍ သဘောထားကြီးမှုများကို တွေ့မြင်နိုင်ပေသည်။ ဆက်ဆံရေးဆိုသည်မှာလည်း ကျောင်းသူကျောင်းသားအချင်းချင်း ဆက်ဆံရေး၊ ဆရာနှင့်တပည့် ဆက်ဆံရေး၊ ဆရာနှင့်မိဘ ဆက်ဆံရေးများကို ဆိုလိုပေသည်။ ထိုသို့ ဆက်ဆံရေးကောင်းမွန်ချောမောခြင်းသည် ဒီမိုကရေစီ၏ အရေးကြီးသောအသွင်တစ်ရပ်ဖြစ်၏ ။

စာသင်ကျောင်းများကို သုံးမျိုးသုံးစား ခွဲခြား၍ ရလေသည်။ ပထမအမျိုးကို (ဖွဲ့စည်းထားသောကျောင်း) ဟု ဆိုကြပါစို့။ ထိုကျောင်းမျိုးတွင် အလုပ်ရုံများ၊ ဆိုင်ကြီး များကဲ့သို့ စည်းကမ်းကျကျ ရှေးရိုးမပျက် သင်ကြားပို့ချသောစနစ်ကို တွေ့နိုင်ပေသည်။ ထိုကျောင်းများ၏ လုပ်ငန်းမှာ ကျောင်းသူကျောင်းသားကလေးများကို လက်ခံပြီးလျှင် သတ်မှတ်ထားသောဘာသာရပ်များကို တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားပို့ချ စာမေးပွဲစစ်၍ အတန်းတင်၊ အတန်းကုန်သောအခါကျောင်းမှထွက်

စေ၍ စာကိုသာ ဂရုစိုက်၍ ပို့ချသော ကျောင်းမျိုး ဖြစ်လေသည်။ စာကို ဂရုစိုက်၍ သင်ကြားပို့ချခြင်းသည် ကျောင်းတိုင်း၏ လုပ်သင့်လုပ်ထိုက်သောလုပ်ငန်းတစ်ရပ် ဖြစ်ပေသည်။ သို့ရာတွင် ထိုလုပ်ငန်းသည် ကျောင်း၏ လုပ်ငန်းအကုန် မဟုတ်ပေ။ နေမှုထိုင်မှုဆက်ဆံမှုစသော လူ့ကိစ္စများကို လျစ်လျူရှုသဖြင့် ကျောင်းသားများသည် ထိုကျောင်းမျိုးကို အလုပ်ရရာရ ကြောင်း အလုပ်ရုံတစ်မျိုးသဖွယ် သဘောထား တတ်ကြလေသည်။ ထိုကျောင်းမျိုးသည် သူငယ်သူငယ်မများအား အလုပ်ရစေရန် ဖန်တီးပေးနိုင်မည်ဖြစ်သော်လည်း လူ့လောက တွင် မည်ကဲ့သို့နေထိုင်လုပ်ကိုင်ရမည်ဟု သင်ကြားမပေးကြချေ။ ထို့ကြောင့် ထိုစာသင်ကျောင်းမျိုးသည် ကျေနပ်ဖွယ်ရာကောင်းသော ကျောင်းများမဖြစ်နိုင်ပေ။ ဆရာများ၏ ရည်ရွယ်ချက်မှာ ကျောင်းသူကျောင်းသားများသည် အတန်းစာမေးပွဲများအောင်မြင်ကြ၍ အလုပ်တစ်ခုခုကိုလုပ်ကိုင်နိုင်ကြစေရန် ဖြစ်လေသည်။ ထိုကျောင်းမျိုးသည် ပတ်ဝန်းကျင် လူ့လောကနှင့် ဆက်စပ်၍ မရသော ကျဉ်းမြောင်းလှသော ကျောင်းလောက ကလေးမျှသာ ဖြစ်၏ ။

ဒုတိယအမျိုးကို (မိသားစုကျောင်း) ဟု ခေါ်ဆိုကြပါစို့။ ထိုကျောင်းများသည် အရေအတွက်အားဖြင့် အလွန်နည်းပါးလှပေသည်။ ထိုကျောင်းများ၏ ရည်ရွယ် ချက်မှာ ပထမအမျိုးအစားကျောင်းများကို မနှစ်မြို့ကြ၍ ထူးခြားသောအသွင်ဖြင့် ကျောင်းသစ်ထွင် မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားခြင်း ဖြစ်လေသည်။ အဓိကရည်ရွယ်ချက် မှာ ထိုကျောင်းများတွင် တက်ရောက်သင်ကြားကြသော ကျောင်းသူ ကျောင်းသားများသည် စိတ်ပျော်ရွှင်စွာ မိသားစုတစ်ခုကဲ့သို့ ခင်မင်ရင်းနှီးစွာ နေထိုင်ဆက်ဆံနိုင်ကြရန် ဖြစ်ပေ သည်။ သို့ရာတွင် ဒီမိုကရေစီလောကသို့ ဝင်ရောက်ရမည်ဖြစ်သော ကျောင်းသားသူငယ်

များအား ပျော်ရွှင်မှုတစ်ခုတည်း သတ်သတ်ရနိုင်သောကိစ္စ မဟုတ်ပေ။ ပျော်ရွှင်မှုသည် ကိစ္စတစ်ခုခုကို ပြုလုပ်ပြီးစီး၍ သော်လည်းကောင်း၊ နေထိုင်မှု၊ ဝတ်မှု၊ စားမှု ပြည့်စုံ၍ သော်လည်းကောင်း ရရှိသည့်စိတ်၏ အနေအထားကို ဖော်ပြခြင်းမျှသာ ဖြစ်လေသည်။

**" ဆရာ၊ ဆရာမများ အထူးသတိပြုသင့်သော**

**အချက်တစ်ချက်မှာ ကျောင်းသည်**

**စာသင်ရာ ဌာနမျှသာ မဖြစ်သင့်ပေ။**

**ကျောင်းသည် အသင်းတစ်ခု၊ အစည်းအရုံးတစ်ခု**

**လူ့လောက, ကလေးတစ်စုံ ဖြစ်စေရမည် "**

ထို့ကြောင့် ပျော်ပျော်နေတတ်အောင် သင်ကြားပေးသည်ဆိုသည်မှာ အဓိပ္ပာယ်မရှိလှပေ။ အချင်းချင်း မိသားစုပမာရင်းနှီးအောင် သင်ကြားပေးခြင်း၊ စုစုဝေးဝေးပျော်ပျော်ရွှင်ရွှင် နေတတ်အောင် သင်ကြားပေးခြင်း စသည်တို့မှာ များစွာလိုလားအပ်သော်လည်း ပြည့်စုံ သောကျောင်းတွင်းလောက မဟုတ်သေးပေ။

တတိယအမျိုးအစားဖြစ်သော ကျောင်းများသည် အထက်ပါကျောင်းမျိုးထက် လုပ်ငန်းပိုမိုကျယ်ဝန်း၏ ။ ထိုကျောင်းမျိုးတွင် ကျောင်းသင်ဘာသာရပ်များကို သင်ကြား ပေးခြင်း၊ကျောင်းတွင်းလောကရှိ သူငယ်

သူငယ်မများအား မိသားစုကဲ့သို့ ပျော်ပျော်ရွှင်ရွှင် ရင်းရင်းနှီးနှီး နေထိုင်ဆက်ဆံနိုင်ရန် သင်ကြားပေးခြင်းသာမက ဒီမိုကရေစီအလေ့အထ များကိုလည်း လိုက်နာကျင့်သုံးစေလေသည်။ ထိုကျောင်းမျိုးကို (ဒီမိုကရေစီကျောင်း) ဟူ၍ ခေါ်ဆိုကြပါစို့။ ထိုကျောင်းတွင်းလောက၌ ကျောင်းသား၊ ကျောင်းသူများ သည် အပေးအယူစိတ်ထားဖြင့် အများအကျိုးအတွက် မိမိကအနစ်နာခံလိုစိတ်ရှိခြင်း၊ ကျောင်း တွင်းလောကပြေပြစ်စေရန် မိမိက တတ်အားသမျှကူညီခြင်း၊ တာဝန်အသီးသီးကို မျှတထမ်းဆောင်ခြင်း၊ စာမေးပွဲအောင်ရန် ပျော်ရွှင်ရန်ဟူသော ရည်ရွယ်ချက်များကိုသာမက တစ်နေ့တွင် လူ့လောကကြီး၌ အကျိုးရှိစွာ ပါဝင်ဆောင်ရွက်နိုင်ရန်ဟူသော ရည်ရွက်ချက် ကြီးကိုလည်းထားရှိစေသောကျောင်းမျိုးသာ ဖြစ်ပေသည်။ ဤစာအုပ်ငယ်ကို ဤကျောင်းမျိုးပေါ်ပေါက်ရေးအတွက်သာ ရည်ရွယ်၍ ရေးသားရခြင်းဖြစ်ပေသည်။ ထိုကျောင်းမျိုး ပေါ်ပေါက်စေရန်မှာလည်း ကျောင်းသားကော်မတီများ၊ ကျောင်းကောင်စီများ မည်မျှပင် ဖွဲ့စည်းထားစေကာမူ တကယ့်ဒီမိုကရေစီစိတ်ထားကို မွေးမြူခြင်းမရှိလျှင် အောင်မြင်မည် မဟုတ်ပေ။ အထူးသဖြင့် ကျောင်းဆရာကြီးများနှင့် ကျောင်းဆရာအချို့က စိတ်ပါဝင် စားစွာ ဂရုပြု၍ ဆောင်ရွက်ပါမှသာလျှင် အောင်မြင်နိုင်ပေမည်။

စာသင်ကျောင်းများတွင် ဒီမိုကရေစီစိတ်ထားမွေးမြူရန်အတွက် ဆက်ဆံမှု သည် အရေးကြီး၏ ။ ဆက်ဆံမှုအောင်မြင်စေရန်အတွက်မှာလည်း ဆရာကြီးလုပ်သူသည် အဓိကအရေးကြီးဆုံး ဖြစ်လေသည်။ ဆရာကြီးလုပ်သူသည်မိမိကိုယ်ကို ဩဇာပေးသူ အဖြစ်ဖြင့်သာ မှတ်ယူလျှင် မိမိ၏ ကျောင်း၌ ဒီမိုကရေစီရှိမည်မဟုတ်ပေ။ ထိုနည်း အတူပင် ဆရာကြီးလုပ်သူသည် စေတနာလွန်ကဲ၍ မိမိ၏ ဩဇာအာဏာများကို လုံးဝစွန့် လွှတ်ပြီးသကာလ ကျောင်းသားများအား ဒီမိုကရေစီအခွင့်

အရေးများအားလုံးကို ပေးအပ် လိုက်လျှင်လည်း မိမိ၏ကျောင်းသည် အကွပ်မရှိသော တောင်းပမာ ဖရိုဖရဲဖြစ်မည်မှာ သေချာပေသည်။ ကျောင်းဆရာကြီးအဖြစ်ဖြင့် မိမိတွင် သတ်မှတ်ထားသော တာဝန်များ ရှိနေလေသည်။ အာဏာအချို့ကိုလွှဲအပ်ရာတွင် ကျောင်းသားများ၏ အသိဉာဏ်၊ ကျောင်း သားများ၏ စွမ်းဆောင်နိုင်ခြင်း၊ ကျောင်းသား များ၏ ကိုယ်တွေ့ဗဟုသုတများကို ထောက် ထားနှိုင်းချိန်၍ သာ လွှဲအပ် ရပေမည်။ သတင်းစာအယ်ဒီတာတစ်ဦးသည် တစ်ခါက အောက်ပါ အတိုင်း မှတ်ချက်ချဖူးလေသည်။

''အယ်ဒီတာကောင်းဆိုသည်မှာ မိမိ၏ ပင်ကိုယ်ဉာဏ်နှင့် အကျင့် စာရိတ္တသည် မိမိ၏ သတင်းစာတွင် မိမိ၏ အရိပ်ကဲ့သို့ အမြဲ မပြတ် ထင်နေရပေသည်။ သို့ရာတွင် ၇ ရက်ခန့် မိမိအလုပ်မလုပ်ဘဲနေလျှင် လည်း မိမိ၏ သတင်းစာသည် မူမပျက်ဘဲဆက်လက် ၍ မိမိ၏ အရိပ် သာလျှင် ထင်နေပေဦးမည်''။ ဤမှတ်ချက်သည် ကျောင်းဆရာကြီးနှင့် လည်း သက်ဆိုင်ပေသည်။ ဒီမိုကရေစီကိုချစ်ခင်မြတ်နိုးသော ကျောင်းဆရာကြီးသည် တစ်ကျောင်း လုံး၏ ကိစ္စအဝဝတွင် မိမိ၏ အရိပ်ထင်နေရန် အရေးကြီး၏ ။ သို့ရာတွင် ကျောင်းလောက အတွင်းရှိ ပုဂ္ဂိုလ်တိုင်းကလည်း တာဝန်အသီးသီးကို ထမ်းဆောင်ကြရသဖြင့် ကျောင်း ဆရာကြီးသည် အခိုက်အတန့်အားဖြင့် မရှိသည့်တိုင်အောင် ကျောင်း၏ (မူ)သည် ပျက်သွား ခြင်းမရှိနိုင်ပေ။

ကျောင်းတွင်း ဒီမိုကရေစီအောင်မြင်စေရန်အတွက်ကျောင်းဆရာ ကြီးနှင့် လက် ထောက် ဆရာ၊ ဆရာမများ၏ ဆက်ဆံရေးသည် ပြေပြစ် ချောမောရန် အရေးကြီး၏ ။ ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ခြင်း၊ တစ်ဦး ကိုတစ်ဦး လေးစားခြင်းတို့သည် များစွာ အထောက်အပံ့ ဖြစ်စေနိုင်ပေ သည်။ ထမ်းဆောင်ရမည့်တာဝန်ကိုလည်း အသီးသီးမျှတ၍ ထမ်း

ဆောင်ကြရသဖြင့် လူတိုင်းလူတိုင်းပင် တာဝန်သိတတ်စေစိတ်ကို ပိုမို မွေးမြူကြလေ သည်။ စုပေါင်းဆွေးနွေးရာ၌ လည်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ဆွေးနွေးနိုင်ကြသဖြင့် ခရီးရောက်နိုင်၏ ။ အကယ်၍ ဆရာကြီးလုပ်သူသည် အာဏာရှင်ဆန်ဆန်ပြုကျင့်ပါက လက်ထောက် ဆရာ ဆရာမများသည် မိမိတို့ပြောလိုသောအချက်များကို ဖွင့်ဟ၍ ပြောရဲ မည်မဟုတ်ရာ ကျောင်း၏တိုးတက်ရာတိုးတက်ကြောင်းကို များစွာထိခိုက်စရာ ရှိလေ သည်။ ထို့ကြောင့် ကျောင်းဆရာ ဆရာမများ အားလုံးသည်လွတ်လွတ်လပ်လပ် ပြောဆို ခွင့်ရှိကြရန် အရေးကြီးပေ သည်။

ကျောင်းဆရာကြီးနှင့် ကျောင်းသားများ၏ဆက်ဆံရေးသည် သာ၍ပင် အရေး ကြီးပေသည်။ အချို့ နာမည်ကျော် ကျောင်းကြီးများ တွင် ဆရာကြီးလုပ်သူနှင့်တပည့်များ ရံဖန်ရံခါတွေ့ဆုံ၍ ပွင့်ပွင့်လင်း လင်း၊ ရင်းရင်းနှီးနှီးဆွေးနွေးတတ်ကြသည်။ ဤအလေ့ အထမျိုးသည် ဒီမိုကရေစီအလေ့အထကို ပြုစုပျိုးထောင်ခြင်းပင်ဖြစ်၍ များစွာလိုလား အပ်ပေသည်။ ဆရာကြီးသည် အာဏာရှင်ဆန်လျှင်မူကားတပည့် များသည် ကြောက်ရွံ့သော စိတ်ဖြင့် မိမိတို့ပြောလိုသောဆန္ဒကို ဖုံးဖိ၍ ထားမည်သာတည်း။ တပည့်များက ဆရာအား ချစ်ကြောက်ရိုသေရမည် ဟူသော ဥပဒေသည်ဆရာများက အတင်းအကျပ်ဖန်တီးပေးရမည့် ဥပဒေသမဖြစ်စေရ။ တပည့်များ၏ စိတ်တွင် အလိုအလျောက် ပေါ်ပေါက်လာရမည့်ဥပဒေသ သာလျှင် ဖြစ်စေသင့်သည်။ တပည့် ကျောင်းသားများက ဆရာသမားများအား အလို အလျောက်ချစ်ခင်ခြင်း၊ အလိုအလျောက် ကြောက်ရွံ့ရိုသေခြင်းရှိပါမူ ဤကျောင်းမျိုးသည် ဒီမို ကရေစီပညာဖြန့်ဖြူးရန် အကောင်းဆုံးသောကျောင်း ဖြစ်လာပေမည်။ အထက်က ချစ်ခိုင်း၍ ချစ်ရခြင်း။ ကြောက်ခိုင်း၍ ကြောက်ရခြင်း၊ ရိုသေ

ခိုင်း၍ ရှိသေရခြင်းဟူသော အဖြစ်အပျက်များမှာ ဒီမိုကရေစီနှင့် အလွန်ဝေးကွာသောအင်္ဂါရပ်များ ဖြစ်ကြပေ သည်။

အထက်ကဆိုခဲ့သည့်အတိုင်း ဆရာကြီးနှင့် ဆရာများ ရင်းနှီးစွာဆက်ဆံခြင်း၊ ဆရာကြီးနှင့် တပည့်များ ရင်းနှီးစွာဆက်ဆံခြင်းရှိခဲ့သော် ဆရာများနှင့် တပည့်များ ရင်းနှီးစွာဆက်ဆံမှုလည်းရှိမည်မှာ မလွဲပေ။ ထိုကဲ့သို့ ကျောင်းတွင်းဆက်ဆံမှုများသည် ပြေပြစ်ရင်းနှီးပါမူကား ဒီမိုကရေစီမျိုးစေ့ချရန် အလွန်ကောင်းသော မြေသြဇာရှိပြီဟု ဆိုနိုင်ပေသည်။

**'' ကျောင်းကောင်စီများကို တစ်နှစ်လျှင်တစ်ကြိမ် ရွေးကောက်တင်မြှောက်လေ့ရှိကြ၏။ အချို့သော ကျောင်းများတွင် အောက်တန်းများမှ ကိုယ်စားလှယ်များကို မရွေးချယ်ဘဲ အထက်တစ်တန်းများမှသာ ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်လေ့ ရှိကြသည် ''**



*